တစ်ခါက မိကျောင်းအရှင်များကို စုဆောင်းထားသော သန်းကြွယ်သူဌေးတစ်ယောက် ရှိသည်။ သူက ၎င်းတို့ကို သူ့အိမ်ကြီး၏ နောက်ဖက်တွင်ရှိသော ရေကန်ထဲတွင် ထားသည်။ သန်းကြွယ်သူဌေးတွင် လှပသော သမီးပျိုတစ်ယောက်လည်း ရှိသည်။ တစ်နေ့တွင် သူက ကြီးမားသော ညစာစားပွဲကြီးတစ်ခု ပြုလုပ်ပြီး ညစာစားပွဲလုပ်နေစဉ်၌ ကြေငြာသည်။

''ညသည်များခင်ဗျား . . . ဒီမှာရှိနေတဲ့ အမျိုးသားတိုင်းကို ကျွန်တော် ကမ်းလှမ်းချက်တစ်ခု လုပ်ချင်ပါတယ်။ မိကျောင်းတွေပြည့်နေတဲ့ ဒီရေကန်ကို ဖြတ်ကျော်ပြီးအသက်ရှင်သန်နိုင်တဲ့သူကို ဒေါ်လာတစ်သန်းသော်လည်းကောင်း၊ ကျွန်တော့်ရဲ့သမီးကိုသော်လည်းကောင်း ပေးပါမယ်''

သူ့စကားပြောပြီးသွားသည်နှင့် တပြိုင်နက် ''ဝုန်းခနဲ ရေထဲပြုတ်ကျသည့်အသံကြီး ထွက်ပေါ်လာ သည်။ လူတစ်ယောက်သည် ရေကန်ထဲတွင် အကြောက်အကန်အော်ဟစ်လျက် ကူးခတ်နေသည်။ သူအသက်လုပြေးနေရသကဲ့သို့ ရေထဲတွင် လက်ပစ်ကူးနေသောအခါ လူအုပ်ကြီးက သူ့ကို ဝိုင်းအားပေးကြသည်။ နောက်ဆုံး၌ အကျီများစုတ်ပြဲလျက် အနည်းငယ်သောဒဏ်ရာတို့ဖြင့် ရေကန်၏ အခြားတစ်ဖက်သို့ သူ ရောက်ရှိသွားသည်။ သန်းကြွယ်သူဌေးက သဘောကျသွားသည်။

''ငါကတော့ မယုံကြည်နိုင်စရာပဲကွာ အံ့ဖွယ်ပဲဟေ့၊ အဲဒီလို ဖြစ်နိုင်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး။ ကဲလေ ငါ ကတိတည်ရမှာပေါ့၊ မင်း ငါ့ရဲ့ သမီးကို လိုချင်သလား၊ ဒေါ်လာတစ်သန်းလိုချင်သလား'' သူက ပြောသည်။

''ဒီမယ် ခင်ဗျားရဲ့ ပိုက်ဆံကိုလည်း ကျွန်တော် မလိုချင်ဘူး၊ ခင်ဗျားရဲ့ သမီးကိုလည်း မလိုချင်ဘူး၊ ကျွန်တော့်ကို ရေထဲတွန်းချတဲ့လူကိုပဲ လိုချင်တယ်'' ထိုလူက ပြန်ပြောသည်။